ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၃၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၆၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ပူးပေါင်းဘတ်ဂျက်အစည်းအဝေး။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဆေးစစ်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကျန်းမာရေး။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ စီမံကိန်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ အခွန်အကောက်ဆိုင်ရာအစည်းအဝေး။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ဝင်း၊ မကွေး(၈)၊ ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှမောင်၊ ကယား(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသတွင်းလူမှုရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဘတ်ဂျက်ကော်မတီ အစည်းအဝေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆန်းရယ်၊ ကယား(၅)၊ ရိုးရာပွဲတော်၊ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ရိုးရာပွဲတော်။ ဦးလှဆွေ၊ မကွေး(၁၂)၊ မိသားစုကိစ္စ။ ဦးဆားရယ်၊ ကယား(၆)၊ ရိုးရာပွဲတော်။

ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကော်မတီလုပ်ငန်းဆောင်ရွက်ရန်၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ တာဝန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ မိသားစုကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ရသုံးမှန်းခြေငွေစာရင်းနဲ့ အခွန်အကောက်ဆိုင်ရာ စိစစ်ရေး ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ပြည်ပခရီးစဉ် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့်မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီး လူနေမှုအဆင့်အတန်း နိမ့်ကျလျက်ရှိသည့် နယ်စပ် ကျေးလက်တောတောင်ဒေသနှင့် ပြည်မကျေးလက် တောရွာဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာစီမံချက် (Master Plan for Multi-Sectoral Economic Development of Rural and Less-developed Areas in Myanmar) ဆောင်ရွက်သည့် အစီအစဉ် ရှိ/မရှိ သို့မဟုတ် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် က မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီး လူနေမှုအဆင့်အတန်း နိမ့်ကျလျက်ရှိသည့် နယ်စပ် ကျေးလက်တောတောင်ဒေသနှင့် ပြည်မကျေးလက် တောရွာဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာစီမံချက် (Master Plan for Multi- Sectoral Economic Development of Rural and Less-development Areas in Myanmar) ဆောင်ရွက်သည့် အစီအစဉ် ရှိ/မရှိ သို့မဟုတ် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့မြန်မာနိုင်ငံတစ်ခုလုံးရဲ့ လက်ရှိအခြေအနေနဲ့ ပကတိအခြေအနေကို ထင်ဟပ်စေတဲ့ မေးခွန်းကိုမေးမြန်းဖို့ ခွင့်ပြုတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ပါတယ်လို့ ရှေးဦးစွာ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံ တစ်ခုလုံးကို ကြည့်မယ်ဆိုလို့ရှိရင် မည်သည့်ဒေသ၌ မဆိုနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများ အားလုံးရဲ့ တိုးတက်မှုဟာ အချိုးညီညီ တိုးတက်နေခြင်း မရှိသေးဘူး။ အဲဒီတော့ မြို့နေလူတန်းစားနဲ့ တောလက်ကျေးရွာနေတဲ့ လူတန်းစားတို့ရဲ့ လူနေမှုအဆင့်အတန်း သော်လည်းကောင်း၊ လူမှုစီးပွားရေးဘဝအနေအထားသော်လည်းကောင်း အလွန်ပဲ ကွာခြားလျက်ရှိတယ်လို့ ကျွန်တော့်အနေနဲ့ ရှုမြင်မိပါတယ်။

ဒီအခြေအနေဟာ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေး ရကတည်းကကို ဒီနေ့အထိမျက်ဝါးထင်ထင် မြင်နေရတဲ့အချက်ဖြစ်ပါတယ်။ အဲဒီတော့ဒီတိုင်းရင်းသားတွေကို ကျွန်တော်တို့က ဒီအတိုင်းပဲအစီအစဉ်တစ်ခုခုနဲ့ ကျွန်တော်တို့ပြုပြင်ဆောင်ရွက်မှု မရှိဘူးဆိုလို့ ရှိရင်တော့ ဒီအချိုး ညီညီတိုးတက်မှုက ဒီလိုပဲအဆင့်ကွာခြားမယ်လို့ ကျွန်တော်သုံးသပ်မိတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်လို့ ရှေးဦးစွာဥက္ကဋ္ဌကြီးကို တင်ပြအပ်ပါတယ်။ ကြွရောက်လာကြတဲ့ဝန်ကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကိုလည်းဂါရဝတရားနဲ့ ကျွန်တော်လေးစားပါကြောင်း ရှေးဦးစွာ ဖော်ပြအပ်ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှုနည်းပါးပြီးတော့ လူနေမှု အဆင့်အတန်း နိမ့်ကျလျက်ရှိတဲ့ နယ်စပ်ကျေးလက် တောတောင်အရပ်ဒေသနှင့် မြန်မာပြည် ကျေးလက်တောရွာ ဒေသရှိ တိုင်းရင်းသား လူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု မဟာစီမံချက် (Master Plan for Multi-Sectoral Economic Development of Rural and Less-development Areas in Myanmar) ဒီလိုမဟာ စီမံချက်ရေးဆွဲပြီးမှ ဆောင်ရွက် ပေးမှသာလျင် အချိုးညီညီတိုးတက်မှုက မျှတလာမယ်လို့ ကျွန်တော့်အနေနဲ့ ရှုမြင်သုံးသပ်မိပါတယ်။

အဲဒီတော့ ဒီအချက်က ကျွန်တော်က ဘယ်အခန်းကဏ္ဍရယ်လို့ ကျွန်တော့်အနေနဲ့ မေးမြန်း လိုခြင်းတော့ မဟုတ်ဘူး။ ဒါနိုင်ငံတော်အစိုးရအနေနဲ့ ဒီဥပမာကျွန်တော်တို့ မြန်မာပြည်အလယ်ပိုင်း ဒေသ၊ ပဲခူးရိုးမဒေသ တကယ့်ကို ကျွန်တော်တို့ ပြည်မအောက်ပိုင်းဒေသမှာ နေထိုင်တဲ့ ကျေးလက် တောရွာမှာ ဆင်းဆင်းရဲရဲနဲ့နေရတဲ့လူတွေလည်းရှိတယ်။ တောတောင်ဒေသမှာ ကျေးရွာကို တည်ဆောက် ပြီးမှ အခြေတကျနေထိုင်တဲ့လူတွေလည်းရှိတယ်။ ဒီလူတွေရဲ့ဘဝက ခက်ခဲတဲ့ဒေသမှာ နေထိုင်ကြတဲ့ အတွက်ကြောင့် တစ်ခါတစ်ရံ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ လက်လှမ်း မမီတဲ့အတွက်ကြောင့် ဆောင်ရွက်ပေးဖို့အခြေအနေတွေဟာ အားနည်းလာခဲ့တယ်လို့ ဒါ ကျွန်တော့် အနေနဲ့ သုံးသပ်မိပါတယ်။ ဥပမာ ကျွန်တော်တို့ ဒီနယ်စပ်ဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသားများ အားလုံးက တောတောင်ဒေသရဲ့ အခြေအနေကြောင့်သော်လည်းကောင်း၊ ဒီနယ်မြေဒေသရဲ့ လုံခြုံမှု အနေအထားအရသော်လည်းကောင်း ကျွန်တော်တို့ တိုးတက်တဲ့စီမံချက်တွေကို မဆောင်ရွက်နိုင်သလို ဥပမာ ပြည်မ လွန်ခဲ့တဲ့နှစ်တုန်းက ကျွန်တော်တို့ ရန်ကုန်မြို့ တစ်ဘက်ကမ်း ဒလဘက်အပိုင်းကို ကျွန်တော်သွားတဲ့အခါမှာ အဲဒီမှာ မြစ်ကမ်းဘေး ချောင်းကမ်းဘေးမှာ နေထိုင်တဲ့ တိုင်းရင်းသားလူမျိုးများ တံငါသည် လုပ်ကိုင်ပြီးမှ စားသောက်ကြတဲ့ လူများတွေကလည်း ဒါ သူတို့တွေရဲ့ လူနေမှု အဆင့်အတန်း အင်မတန်နိမ့်ကျတယ်။ တချို့တောင်မှ မှတ်ပုံတင်လည်း နယ်စပ်ဒေသမှာ ရှိတဲ့လူတွေ မရသလို သူတို့ လည်းမရကြပါဘူး။ နောက်ပြီးတော့ သူတို့ရဲ့အိမ်တွေကို ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ကျွန်တော့်အနေနဲ့ ဒါတော်တော်လေး ကိုယ်ချင်းစာတယ်။ ဥပမာ အိမ်တိုင်လေးက ကျူရိုးနဲ့။ ဒီရေပေါ်မှာနေပြီးတော့ ဘယ်အချိန်မှာ လေတွေ ဝှေ့ယမ်းပြီးတော့ ဘယ်အချိန်တွေမှာ ဝါးတိုင်တွေဟာ ကျိုးပြီးမှ ရေထဲမှာ ပြုတ်ကျမယ်။ နောက် အနေအထားအရ ပညာပိုင်းကို တကယ်လေ့လာကြည့်တဲ့ အချိန်မှာ လည်းပဲ စာ လေး၊ ငါး တန်းလောက်ပဲ တတ်တဲ့လူတွေ ခပ်များများ ကျွန်တော်ရောက်တဲ့ ကျေးရွာမှာ ကျွန်တော်ကဒီလိုပဲတွေ့ရှိခဲ့တယ်။

ဒါကြောင့်ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တကယ်တိုးတက်မှု အချိုးညီညီမရှိတာက တော လက် ကျေးရွာဒေသ၊ နယ်စပ်ဒေသနဲ့ မြို့နေလူတန်းစားတို့ရဲ့အနေအထားကြောင့် ကွာခြားနေ တာ ပါလားလို့ ကျွန်တော့်အနေနဲ့ ဒါကို စိတ်ထဲမှာဒီလိုပဲခံစားမိတယ်။ ဒါကြောင့်ဒီမေးခွန်းကို ကျွန်တော့် အနေနဲ့ ဒီ မေးမြန်းလိုတဲ့ စိတ်ရှိလာပါတယ်။ အဲဒီတော့ ကျွန်တော့်ရည်ရွယ်ချက်က ကျွန်တော့်အနေနဲ့ နိုင်ငံတော် မှာ ဒီကနေ့ လူမှုဖွံ့ဖြိုးရေးကိစ္စအားလုံး ဆောင်ရွက်နေတာကိုလည်း ကျွန်တော်တွေ့ရှိတယ်။ ဝန်ကြီး ဌာန အသီးသီးတွေကို ဖွင့်လှစ်ပြီးမှလည်း ဆောင်ရွက်နိုင်သရွေ့ ဆောင်ရွက်နေတာကိုလည်း တွေ့ရှိ ရတယ်။ သို့သော်လည်း တကယ်ဆင်းရဲတဲ့ လူတွေအတွက် တကယ့်အထူးမဟာစီမံချက် ကို ရေးဆွဲပြီးမှ ကျွန်တော်တို့ နှစ်အကန့်အသတ်နဲ့ ဥပမာ နှစ်(၂၀)၊ နှစ်(၃၀) စီမံကိန်းတွေကိုလည်း ဒါတွေကို ကျွန်တော်တို့ ဒီဦးစီးဌာန တစ်ခုကို သီးသန့်ဖွဲ့စည်းပြီးမှပဲ ဒီလိုဆင်းရဲနေတဲ့လူတွေရဲ့ ဘဝကို ကျွန်တော်တို့ မြှင့်တင်နိုင်မှာ ဖြစ်တယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာပဲ ဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် လူတစ်ဦးတစ်ယောက်တော်ရုံနဲ့ လူတစ်ဖွဲ့တစ်စည်းတော်ရုံနဲ့ လူတစ်ရပ်တစ်ရွာတစ်နေရာ လူအဖွဲ့အစည်းတစ်ခု တိုးတက်ဖွံ့ဖြိုးရုံနဲ့ ကျွန်တော်တို့မြန်မာပြည် တိုးတက်တာမဟုတ်သေးပါဘူး။ ကျွန်တော်တို့မြန်မာပြည်အားလုံးဟာ အချိုးညီညီ တိုးတက်မှုရှိမှသာလျှင် ဒါက ကျွန်တော်တို့နိုင်ငံက တိုးတက်မှုရှိလာမယ်လို့ ကျွန်တော့်အနေနဲ့ မြင်တွေ့တယ်။ အဲဒီတော့ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာလည်းပဲ ဒါကတော့ ဖော်ပြထားပြီးသားရှိတယ်။ ဥပမာ ကျွန်တော်တို့ ဥပဒေပုဒ်မ ၂၂(က)၊(ခ)၊ ဒီလိုနိမ့်ကျနေတဲ့လူတွေရဲ့ တိုးတက်မှုအနေအထားတွေကို အကုန်လုံးလည်းဖော်ပြထားပြီးသား ကူညီဆောင်ရွက်ပေးရမယ်၊ ဦးစားပေးဆောင်ရွက်ပေးရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ပြဋ္ဌာန်း ထားတာတော့ ရှိပါတယ်။

ဒါပေမဲ့ ဒီကနေ့ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျေးလက်ဝန်ကြီးဌာနတို့ နောက်ပြီးတော့ နယ်စပ်ရေးရာဌာနတို့ ရှိတာကိုလည်း ကျွန်တော်က သဘောပေါက်ပါတယ်။ ကျွန်တော်လည်း တွေ့ရှိပါတယ်။ မြင်တွေ့ရပါတယ်။ အဲ သို့သော် ဒီကျေးလက်ဒေသရဲ့တိုးတက်ဖွံ့ဖြိုးမှု၊ လူနေမှု အဆင့်အတန်းနိမ့်ကျ နေလူတွေရဲ့ ဒီအခြားမြို့နေလူတန်းစားတို့နဲ့အလျဉ်မီတိုးတက်လာဖို့ ဆိုတာက သူတို့အတွက်သီးခြား စီမံကိန်း မဟာစီမံချက်တစ်ခုကို ဒါရေးဆွဲပြီးမှ ကာလတစ်ခုအတွင်းမှာ ဒါဖိပြီးလုပ်မှ၊ တွန်းပြီးလုပ်မှပဲ ဒီလိုမျိုးပြီးတော့ဖြစ်လာမယ်လို့ ကျွန်တော့်အနေနဲ့မြင်တွေ့ရပါတယ်။ ဥပမာ တောလက်ကျေးရွာဒေသမှာ တချို့အိမ်ခြေက လေးငါးဆယ်အိမ်နဲ့ ကျေးရွာ တစ်ရွာဖြစ်တယ်။ ဒါကျတော့ ရာသက်ပန်မိဘလက်ထက်ကတည်းက နေထိုင်တဲ့နေရာ ဒေသဖြစ်တဲ့အတွက်ကြောင့် သူတို့လည်း မပြောင်းမရွှေ့ချင်တာကြောင့် ကိုယ်ချင်းစာပါတယ်။ သို့သော် ကျွန်တော်တို့ မဟာစီမံချက်ရှိလာတဲ့ အချိန်မှာကျတော့ တစ်ခါတည်းစုစည်းပြီးတော့ အခု အစိုးရအဖွဲ့အစည်းကနေ ရံဖန်ရံခါလုပ်တဲ့ စုစည်းရွာလို ပုံစံမျိုးစုစည်းပြီးမှ ဒီလို ဘက်စုံတိုးတက်ဖွံ့ဖြိုးအောင်၊ ဆောင်ရွက်ရန်လွယ်ကူအောင် ကျွန်တော်တို့စုစည်းပြီး မဟာစီမံချက်ကို ဆောင်ရွက်သွားမယ်ဆိုရင် အလျင်အမြန် တိုးတက်လာပြီးတော့ ဒီလိုအစဉ်အမြဲ နိမ့်ကျပြီးတော့ လူနေမှုဘဝနိမ့်ကျသွားမယ့် အခြေအနေကနေ ကင်းလွတ်သွားမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်လို့ ကျွန်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကံစွယ်ကျေးရွာနှင့် ကပ်ကျေးအင်းကျေးရွာတို့အတွက် လျှပ်စစ်မီးလင်းရေးရန်ပုံငွေ မပါဝင်သောကြောင့် လိုအပ်သည့် ရန်ပုံငွေကို ချထားပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) (ဥက္ကဋ္ဌ၊ အစိုးရ ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ) မှ ဦးမှတ်ကြီး က မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကံစွယ်ကျေးရွာနှင့် ကပ်ကျေးအင်းကျေးရွာတို့အတွက် လျှပ်စစ်မီးလင်းရေး ရန်ပုံငွေ မပါဝင်သောကြောင့် လိုအပ်သည့်ရန်ပုံငွေကို ချထားပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးမှတ်ကြီး ဖြစ်ပါတယ်။ ကျွန်တော်သည် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်ရဲ့ ကိုယ်စားမေးခွန်းများကို မေးမြန်း အပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ကနေပြီးတော့ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေးမှာ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ကံစွယ်ကျေးရွာ၊ ကပ်ကျေးအင်းကျေးရွာနဲ့ ကျီတိုင်ကုန်း တောင်/ မြောက်ကျေးရွာတွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ မေးမြန်းခဲ့ရာမှာ မွေးမြူရေး၊ ရေလုပ် ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုပါကျေးရွာများကို လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်မယ်လို့ ဒါ ဖြေကြားခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ လျှပ်စစ်သွယ်တန်းခြင်းနဲ့ ပတ်သက်ပြီးတော့ သာစည်မြို့နယ်၊ ကျီတိုင်ကုန်းတောင်/မြောက်အတွက်သာ ရန်ပုံငွေပါရှိပြီးတော့ မူလမေးခွန်းမှာပါရှိတဲ့ ကံစွယ် ကျေးရွာနှင့် ကပ်ကျေးအင်းကျေးရွာတို့မှာ မပါရှိခဲ့ကြောင်း တွေ့ရတဲ့အတွက် ကျန်ရှိတဲ့ကျေးရွာ တွေကို လျှပ်စစ်မီးရရှိရေးအတွက် ဘတ်ဂျက်ခွဲဝေပေးနိုင်ရန်အတွက် ကူညီဆောင်ရွက် ပေးပါဆိုပြီး တော့ ကော်မတီကို တင်ပြလာပါတယ်။

ဒါကြောင့်မို့ ကျွန်တော်က ဦးဌေးမောင် ရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။ အဲဒီတော့ သာစည်မြို့နယ် ရန်ပုံငွေမှာမပါရှိတဲ့ ကံစွယ်ကျေးရွာ နဲ့ ကပ်ကျေးအင်း ကျေးရွာများသို့ လျှပ်စစ်မီးလင်းရေးအတွက် လိုအပ်သည့် ရန်ပုံငွေကို ချထားပေး နိုင်ခြင်း ရှိ/မရှိ၊ ချထားပေးမယ်ဆိုရင် ဘယ်ကာလမှာ ကျွန်တော်တို့ ဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုခြင်းနှင့် မဆောင်ရွက်ပေးနိုင်ဘူးဆိုရင် ဘယ်အတွက်ကြောင့်ဖြစ်တယ်ဆိုတာကို ပြန်ကြားပေးဖို့ အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ

ပဏာမ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ်၏ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေး ကနေပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဆိုင်ပေါင်းနပ် ကနေ ယခုလို မြန်မာနိုင်ငံနယ်စပ်၊ ကျေးလက်တောတောင်ဒေသနဲ့ ပြည်မကျေးလက်တောရွာဒေသမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မှတ်သားမိလိုက်သမျှတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းထဲမှာ (Master Plan for Multi-Sectoral Economic Development of Rural and Less-developed Areas in Myanmar)ဆိုတဲ့ အသုံးအနှုန်းကို ဒါ HighLight လုပ်သွားတယ်လို့ ကျွန်တော်ယူဆပါတယ်ခင်ဗျား။ ဒါလေးနဲ့ပတ်သက်ပြီး ကျွန်တော် နည်းနည်းလေး ရှင်းပြရရင်တော့ တစ်လောက UN ကနေပြီးမှ မစ္စတာဟယ်လင်ကလပ် လာဆွေးနွေးပါတယ်။ ကျွန်တော်တို့နဲ့လည်း ဆွေးနွေး ပါတယ်။ ဒုတိယသမ္မတကြီးနဲ့လည်း ဆွေးနွေးပါတယ်။ UN နဲ့ ကျွန်တော်တို့က ဒီနေ့ Issue က သူတို့က HighLight လုပ်တာက (Millenium Development Goal)လို့ ထောင်စုနှစ်ရည်မှန်းချက်ကို သူတို့က HighLight လုပ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့နဲ့ ပထမ Goal က ပထမဆုံး ကျွန်တော်တို့ရဲ့ ဒီ ရည်မှန်းချက်က (Poverty alleviation is to fight and hindrance) ဆင်းရဲမှုလျှော့ချဖို့နဲ့ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေး ဆိုတာ ပထမဆုံး ထောင်စုနှစ် ရည်မှန်းချက် နံပါတ်(၁)ဖြစ်ပါတယ်။

သူတို့နဲ့ ဆွေးနွေးလိုက်တဲ့အခါမှာ ဒါက ကျွန်တော်ဦးဆိုင်ပေါင်းနပ် ရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ဒါ ကျွန်တော်တင်ပြတာပါ။ ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကျတော့ ဒီ (Poverty elevation)ကို ကျွန်တော်တို့က ဒါကိုဦးစားပေးပါတယ်။ ဒါပေမယ့် ဒီ UN ကနေပြီးတော့ မေးတဲ့အခါမှာ သူတို့က (Zero hindrance challenge)ကို သူတို့က ဦးတည်ပါတယ်။ (Zero hindrance challenge)ကို ဦးတည်တဲ့အတွက် ကျွန်တော် ပြန်ရှင်းပြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ (Zero hinder)ဆိုတာကိုက ဒီနေ့ (reasonably) ကျွန်တော်တို့က (thirty-six percentage poverty index)ရှိတယ်။ ဒါပေမယ့် (thirty-six index) သည် ကျွန်တော်တို့က ဒါ (average)သာ ဖြစ်တယ်။ နယ်မြေတစ်ခုချင်းအလိုက် ကျွန်တော်တို့ကျတော့ ခွဲထားပြီးလည်း ကျွန်တော်တို့ ရှိပါတယ်။ ဥပမာလေး တစ်ခု ကျွန်တော်တို့ တင်ပြရရင် ဒီကချင်မှာဆိုရင် ကျွန်တော်တို့က လူဦးရေ နဲ့ (Poverty Index)နဲ့ ကျွန်တော်တို့က ဒါကို တွက်ပါတယ်။ ကချင်မှာ လူဦးရေရာခိုင်နှုန်းသည် (၂.၆၃) ကျွန်တော်တို့ တစ်နိုင်လုံးရဲ့ ပါဝင်မှု အချိုးသည် (၂.၆၃)percent ကျွန်တော်တို့မှာရှိတယ်။ သူရဲ့ (Poverty Index) သည် (28.6) ရှိပါတယ်။ အဲဒါကြောင့် ဒီ ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်တဲ့နေရာမှာ ကျွန်တော်တို့ ဒီရဲ့ (Indicator) တွေ ကျွန်တော်တို့ ကြည့်ပြီးတော့မှ ချမှတ်တာဖြစ်ပါတယ်။

ကယားဆိုလို့ရှိရင် လူဦးရေရဲ့ (.၆)ကျွန်တော်တို့ ရှိပါတယ်။ သူရဲ့ (Poverty Index)သည် (11.4) ဒါကျွန်တော်တို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အလားတူ ကရင်မှာဆိုရင် ကျွန်တော်တို့ တစ်နိုင်ငံလုံးလူဦးရေအချိုးရဲ့ (3.05) ရှိပြီးတော့မှ (Poverty Index)က (37.4)ဖြစ်ပါတယ်။ အများဆုံးက

ချင်းဖြစ်ပြီးတော့မှ လူဦးရေအရ (.93)ဖြစ်ပြီး၊ (Poverty Index) (73.3) ဟိုးတစ်နေ့က ဒီ အမျိုးသား လွှတ်တော်မှာပဲ ဖြေကြားခဲ့သလို ချင်းပြည်နယ်ဟာ ကျွန်တော်တို့ (Poverty Index) က အများဆုံး ဖြစ်ပါတယ်။ ဒုတိယကတော့ ကျွန်တော်တို့ ဒီ တနင်္သာရီ၊ နောက် ရခိုင် (43.5) ကျွန်တော်တို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆိုလိုတာက ဒီလို (Index)တွေကို ကြည့်ပြီးတော့မှ ဒါ UN နဲ့ ကျွန်တော်တို့ ဆွေးနွေးတဲ့ အခါမှာလည်း သူတို့က တစ်ကမ္ဘာလုံးလွှမ်းခြုံပြီး ဆွေးနွေးတာ ဖြစ်ပါတယ်။ အဲဒီအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာကို ကျွန်တော်တို့ ချမယ်ဆိုတဲ့ အခါမှာ အဲဒီ(Development Partner ) တွေ၊ နောက် ကျွန်တော်တို့ရဲ့ (Donor Agency)တွေနဲ့ သူတို့ဆီက ပညာရှင်တွေနဲ့ ဒါကို ကျွန်တော်တို့ ဆွေးနွေးပြီးတော့မှ ချထားတာ ဖြစ်ပါတယ်။ အဲဒီချလိုက်တဲ့အခါမှာလည်း ကျွန်တော်တို့က ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ စားနပ်ရိက္ခာဖူလုံရေးနဲ့ အစားအစာ ဘေးကင်း မှုရှိစေရေးဆိုတဲ့ မူဝါဒကို ချမှတ်ပြီး ကျွန်တော်တို့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ ခုန လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ (Master Plan for Multi-Sectoral)နဲ့ အတူတူပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်ဒီမေးခွန်းနဲ့ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာန(၂)ခု ပေါင်းစပ်ပြီး ဖြေကြားချက်ကလေးကို ကျွန်တော် အနည်းငယ် တင်ပြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့က လူထုဗဟိုပြု စီမံကိန်းတွေ ရေးဆွဲဆောင်ရွက်တာ ကျွန်တော်တို့ ရှိပါတယ်။ နောက် ကျေးလက်လူငယ်တွေဖွဲ့စည်းပြီးတော့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကျွန်တော်တို့ ဆောင်ရွက် တာတွေ ရှိပါတယ်။ နောက် အများပိုင်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ စနစ်ကျင့်သုံး ပြီးတော့မှ အရင်းအနှီး၊ နည်းပညာနဲ့ ဈေးကွက်များ ဖော်ဆောင်ခြင်း၊ အသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ ကျေးလက်အခြေခံ အဆောက်အအုံ လိုအပ်ချက်များဖြစ်သော ကျေးလက် လမ်း၊ တံတား၊ ရေ၊ အိမ်ရာနဲ့ မီးလင်းရေးစီမံကိန်းများကို ဝန်ကြီးဌာန လုပ်ငန်းစဉ်တွေအဖြစ်နဲ့ သတ်မှတ်ပြီး တော့ နှစ်တို/ နှစ်ရှည် စီမံကိန်းတွေ ချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ အလားတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်မှာလည်းပဲ သား၊ ငါး ထုတ်လုပ်မှုနဲ့ ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ်နဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနက သီးသန့်တာဝန်ယူပြီး ဆောင်ရွက်လျက် ရှိပါတယ်။

ကျေးလက်ဒေသ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ ဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့နဲ့ ပေါင်းစပ် ညှိနှိုင်း ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးလက်ဒေသနေ ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူထု ဆက်ဆံရေးနဲ့ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေး ကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

အထူးသဖြင့်တော့ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဗဟာဗျူဟာမူဘောင်ပါ စဉ်ဆက်မပြတ် ဘဏ္ဍာရေး အရင်းအမြစ် ရရှိ ရေး မဟာဗျူဟာအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေး လက်နေ ဆင်းရဲသားပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးဖြစ်ပေါ်စေပြီး၊ မိသားစုဝင်ငွေတိုးပွားကာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေလျက်

ရှိပါတယ်။ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးရွာပေါင်း (၁၁၅၀)ရွာမှာ တစ်ရွာမှာ အရင်းမပျောက် မတည် ငွေကျပ်သိန်း(၃၀၀)စီဖြင့် နိုင်ငံတော် ခွင့်ပြုရန်ပုံငွေကျပ် (၃၄.၅)ဘီလီယံဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီမံကိန်းရဲ့ ထင်သာမြင်သာရှိသော အကျိုးရလဒ်များကြောင့် ကျန်မြို့နယ် (၁၇၈)မြို့နယ်မှာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး တစ်မြို့နယ် လျှင် ဦးစားပေးကျေးရွာ (၃)ရွာစီကို ထပ်မံစိစစ်ရွေးချယ် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူပဲ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားများရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေ ချမှတ်ပြီးတော့မှ ပြည်နယ်(၇)ခု၊ တိုင်း ဒေသကြီး(၂)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့မှာ မြို့နယ်ပေါင်း(၇၃)မြို့နယ်သတ်မှတ်ကာ နှစ် အလိုက် စီမံကိန်းများ ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းလုပ်ငန်းများ သည်လည်း နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေပါတယ်။ အထူးသဖြင့် ရေအားလျှပ်စစ်စက်ရုံများ၊ စိုက်ပျိုးရေးရုံးစခန်းများ၊ ထွန်စက်စခန်းများ၊ မွေးမြူရေးခြံ၊ တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးရုံးများ၊ ဆည်၊ တူးမြောင်းများနှင့် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများဟာ တိုင်းရင်းသားများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေပါတယ်။

နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အတွက် အခြေခံပညာကဏ္ဍ၊ အသက်မွေးမှုပညာကဏ္ဍတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေရာမှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(၃၃)ကျောင်း၊ ပြည်ထောင် စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(၂)ခု၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁)ခုတို့ဖြင့်လည်းကောင်း၊ အသက်မွေးမှုပညာရပ်များ တတ်မြောက် စေရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (၅)ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(၃၆)ကျောင်းနဲ့ ဗဟိုလေ့ကျင့်ရေး ကျောင်း (၁)ကျောင်းတို့ဖြင့် လည်းကောင်း အသိပညာ၊ အတတ်ပညာများ သင်ကြားပို့ချလေ့ကျင့် ပေးလျက်ရှိပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂအဖွဲ့အစည်း(၃)ခု၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့စည်း(၉)ဖွဲ့၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အနေဖြင့် အိန္ဒိယ၊ ဂျပန်၊ ဆွစ်ဇာလန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတို့နဲ့ ၂၀၁၁ ကနေ ၂၀၁၉ အထိ နားလည်မှုစာချွန်လွှာစာတမ်းများ လက်မှတ်ရေး ထိုးပြီး စီမံကိန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှာ ရေးဆွဲချမှတ်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ပါ ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူဖြစ်စေမယ့် ကျေးလက်အထောက်အကူပြု ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ထည့်သွင်း ရေးဆွဲထားပြီး မြေယာစီးပွားရေး အခြေပြုတိုးတက်ရေးအတွက် စီးပွားဖြစ်သီးနှံစိုက်ခင်းများ၊ စီးပွားဖြစ် သစ်တောစိုက်ခင်း၊ စိုက်ပျိုးရေးဇီဝမျိုးထိန်းခြံ၊ ငါးဖောက်စခန်း၊ မွေးမြူရေးမျိုးခြံ၊ သီးနှံသစ်တောဘက်စုံ

ပျိုးဥယျာဉ်များ တည်ထောင်ဆောင်ရွက်သွားရန်နှင့် ဈေးကွက်ချိတ်ဆက်မှုနှင့် တန်ဖိုးမြှင့်ထွက်ကုန် ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် သယ်ယူပို့ဆောင်ရေးနဲ့ ကုန်စည်ပို့ဆောင်ရေး၊ ဈေးအဆောက်အအုံများ၊ ကြိတ်ခွဲ ရေးနဲ့ ပြုပြင်ရေး၊ ထုပ်ပိုးပြုပြင်ရေး၊ သိုလှောင်ရေး၊ အသေးစားအပေါင်ခံ ငွေချေးလုပ်ငန်းများနဲ့ ရွေ့လျား ဘဏ်များထူထောင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ်များ ပါရှိပြီး ဖြစ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် မဟာဗျူဟာ မူဘောင်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့ နေရာမှာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ နေရာမှာ လတ်တလော အဓိက ဦးစားပေးဖြစ်တဲ့ စဉ်ဆက် မပြတ် ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိရေး မဟာဗျူဟာအရ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိတဲ့ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို နိုင်ငံတစ်ဝှမ်းမှာရှိတဲ့ အောက်ခြေပြည်သူလူထုအဆင့်ရှိ အသိ ပညာပြန့်ပွားရေး ဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး မဟာဗျူဟာအရ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ညှိနှိုင်းဆွေးနွေးမှု များ ပြုလုပ်ခြင်းအားဖြင့်လည်းကောင်း၊ အခြားဆက်စပ်ဝန်ကြီးဌာနများဖြင့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်း စဉ်(၈)ရပ်ကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိခြင်းတို့ကြောင့် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးပြီး၊ လူနေမှု အဆင့်အတန်းနိမ့်ကျလျက်ရှိတဲ့ နယ်စပ်၊ ကျေးလက်၊ တောတောင်ဒေသနဲ့ ပြည်မ ကျေးလက်တောရွာဒေသရှိ တိုင်းရင်းသားလူမျိုးများရဲ့ ဘက်စုံစီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက် လာမယ်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံ ချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီး ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်ဆက်လက်ပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီး မှ အခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြ လိုပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြု ရန်ပုံငွေကျပ် (၂၉၀၅.၀၄)သန်းဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း ကျေးရွာ(၆)ရွာ၊ ဆိုလာစနစ်ဖြင့် ကျေးရွာ (၈၄)ရွာ၊ စုစုပေါင်းကျေးရွာ(၉၀)ရွာနှင့် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက် ရန်ပုံငွေကျပ်(၂၇၈.၉၃) သန်းဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း ကျေးရွာ(၉)ရွာ၊ ဆိုလာစနစ်ဖြင့် ကျေးရွာ(၃)ရွာတို့ကို လျာထားခွင့်ပြု ပြီး ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ သာစည်မြို့နယ်အတွင်း ယင်းမာပင်ကျေးရွာ၊ လျှပ်စစ်မီးသွယ်တန်းခြင်းအတွက် ငွေကျပ်(၁၃.၉)သန်း၊ သဲပွတ်ကျေးရွာတွင် ဆိုလာစနစ်ဖြင့် ငွေကျပ် (၁၇.၄)သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာလည်း သာစည်မြို့နယ် အတွင်း လျှပ်စစ်မီးသွယ်တန်းခြင်းနဲ့ ကျည်တိုင်တောင်မြောက်၊ ညောင်အိုင်၊ ရွှေလှံတောင်/မြောက်၊ ရွှေတောင်၊ စုစုပေါင်းကျေးရွာ (၆)ရွာအတွက် ငွေကျပ်(၆၅.၅)သန်း၊ ဆိုလာစနစ်ဖြင့် ကျေးရွာ(၈)ရွာ၊ ကပ်ကျေးအင်း၊ ကံစွယ်၊ မြင်းဒိုက်၊ ကုပြင်၊ သံပွေ့၊ နတ်မြောင်း၊ မုံပင်၊ အင်းဂေါင်းရွာတို့အတွက် ငွေကျပ် (၁၀၁.၂)သန်းဖြင့် ဆောင်ရွက်ရန် လျာထားတင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ သာစည်မြို့နယ် ကံစွယ်ကျေးရွာနှင့် ကပ်ကျေးအင်းကျေးရွာတို့အတွက် ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ပေးနိုင်ရန် ငွေကျပ်(၂၈.၈) သန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြထားပြီး ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဝေးလံခေါင်းပါးသော မြို့နယ်ဆေးရုံမှ ခရိုင်ဆေးရုံ၊ ပြည်နယ်ဆေးရုံများသို့ အရေးပေါ်လူနာ လွှဲပြောင်းပေးပို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရသော ကျန်းမာရေးဝန်ထမ်းများ၏ အသွား၊ အပြန် ခရီးစရိတ်အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က ဝေးလံခေါင်းပါးသော မြို့နယ်ဆေးရုံမှ ခရိုင်ဆေးရုံ၊ ပြည်နယ်ဆေးရုံများသို့ အရေးပေါ်လူနာ လွှဲပြောင်းပေးပို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရသော ကျန်းမာရေးဝန်ထမ်းများ၏ အသွား၊ အပြန် ခရီးစရိတ်အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးပေါ်လူနာများ မဖြစ်မနေ လွှဲပြောင်း ခြင်းကိစ္စနဲ့ ပတ်သက်ပြီး မြို့နယ်ဆေးရုံမှတစ်ဆင့် ခရိုင်ဆေးရုံ၊ ပြည်နယ်ဆေးရုံများကို လွှဲပြောင်းပေးအပ်ရပါတယ်။ အဲဒီလို လွှဲပြောင်းပေးပို့ချိန်မှာ လူနာကို မျက်နှာလွှဲခဲပစ်ဆိုသလိုပဲ လုပ်လို့မရပါဘူး။ မြို့နယ်ဆေးရုံမှ ဝန်ထမ်းများပါ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရပါတယ်။ အချို့သော လူနာရှင်များမှာ တတ်နိုင်သူများရှိသလို ဆင်းရဲချို့တဲ့တဲ့ လူနာရှင်များလည်း ရှိပါတယ်။

ကျွန်တော်တို့ ဒေသမှာဆိုရင် လူနာ(၁၀)ဦးမှာ (၂)ဦးလောက်သာ တတ်နိုင်တဲ့ အခြေအနေရှိပါတယ်။ တတ်နိုင်တဲ့ လူနာရှင်များကတော့ ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အသွား၊ အပြန် ခရီးစရိတ်များပါ ကူညီပေးပါသော်လည်း ချို့တဲ့သူများကတော့ သူ့အတွက်ပါ ဝန်ထမ်းများက ရတဲ့ လစာထဲကနေပြီးမှ ခရီးစရိတ်နဲ့ စားစရိတ်ပါ ဆောင်ရွက်ပေးရတဲ့ အနေအထားရှိပါတယ်။ ဒီကိစ္စတွေဟာ

ကျွန်တော်ကိုယ်တိုင်တွေ့ကြုံခဲ့ရပါတယ်။ ဒီလိုအနေအထားတွေဟာ အခြားပြည်နယ်၊ တိုင်းဒေသတွေမှာလည်း ဖြစ်ပေါ်နိုင်မယ်လို့ ယူဆပါတယ်။

ဒါကြောင့်မို့လို့ ဒီကိစ္စကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ပေးရမှာ ဖြစ်တာကြောင့် ကျွန်တော့်အနေနဲ့ ဝေးလံခေါင်းပါးသော မြို့နယ်ဆေးရုံမှ ခရိုင်ဆေးရုံ၊ ပြည်နယ်ဆေးရုံများသို့ အရေးပေါ်လူနာ လွှဲပြောင်းပေးပို့ခြင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရသော ကျန်းမာရေးဝန်ထမ်းများ၏ အသွား၊ အပြန်ခရီးစရိတ်အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက်ကြောင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဟိုင်းဒေသတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော် က ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဟိုင်းဒေသတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထဲမှာပါဝင်တဲ့ မန်တုံမြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းရှိ နမ့်ဟိုင်းဒေသမှာ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မန်တုံမြို့ဟာ ၁၉၉၁ ခုနှစ်၊ တအောင်း(ပလောင်)တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းဖြစ်တဲ့ P.S.L.F တို့ရဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေး ရယူပြီးတဲ့ နောက်ပိုင်း နမ္မတူမြို့နယ်ရဲ့ ကျေးရွာအုပ်စုအဆင့်ဖြစ်တဲ့ မန်တုံရွာကို မြို့နယ်သစ်အဖြစ် တိုးချဲ့သတ်မှတ်လိုက်တဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။ အဲဒီအချိန်ကာလမှာ မန်တုံမြို့ဟာ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲတဲ့ မြို့အဖြစ်၊ ဒေသအဖြစ် ကျော်ကြားခဲ့ပါတယ်။ အနီးဆုံး မြို့ဖြစ်တဲ့ နမ္မတူမြို့နဲ့ (၃၇)မိုင်သာ ကွာဝေးသော်လည်း (၂)ရက်ခရီး ခက်ခက်ခဲခဲ မောင်းနှင်ခဲ့ရတဲ့ မြို့လည်း ဖြစ်ပါတယ်။

ယခု ဒီမိုကရေစီအစိုးရလက်ထက်မှာ ၎င်းခရီးကို လမ်းတိုးချဲ့အဆင့်မြှင့်တင်ခြင်း၊ ကတ္တရာခင်းခြင်းတို့ကြောင့် အတော်အသင့် သွားလာရေး လွယ်ကူလာပြီ ဖြစ်ပါတယ်။ ဒေသခံ ပြည်သူများဝမ်းသာပြီး နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ရှိကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားအပ်ပါတယ်။ သို့သော် မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ မဖောက်လုပ်နိုင်သေးတဲ့အတွက် တစ်ရွာမှတစ်ရွာ၊ ဒေသတစ်ခုမှ တစ်ခု သွားလာဆက်သွယ်မှု ခက်ခဲသေးကြောင်း ဝန်ခံရမည် သာ ဖြစ်ပါတယ်။

ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျတဲ့အတွက် မန်တုံမြို့မှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းများဟာ လစာ(၂)ဆ ရရှိတဲ့ မြို့လည်း ဖြစ်ပါတယ်။

နမ့်ဟိုင်းဒေသသည် မန်တုံမြို့၏ အရှေ့ဘက်တွင်တည်ရှိပြီး၊ မန်တုံမြို့မှ တိုက်ရိုက် ဆက်သွယ်သွားလာနိုင်သော ကားလမ်းမရှိပါ။ မန်တုံမြို့မှ ၎င်းဒေသသို့ သွားရောက်လိုပါက မန်တုံမှ (၃၇)မိုင်ဝေးသော နမ္မတူမြို့သို့ ပြန်သွားရပါမယ်။ ၎င်း နမ္မတူမြို့မှတစ်ဆင့် နမ့်ဟိုင်းဒေသသို့ တရုတ်ရေနံပိုက်လိုင်းလမ်းမှ (၂၈)မိုင် ပြန်သွားရတဲ့အတွက် (၆၅)မိုင် အကွာအဝေးကို တစ်ကွေ့တစ်ဝိုက် ပြန်သွားရပါတယ်။ တရုတ် ရေနံပိုက်လိုင်းသည် အတက်/အဆင်း မတ်စောက်ခြင်း၊ မြစ်ချောင်းပေါ်များပြီး တံတားများ ကြံ့ခိုင်မှု မရှိခြင်းတို့ကြောင့် မိုးရာသီမှာ တစ်ခါတစ်ရံ (၂)ပတ်၊ (၃)ပတ်မှ (၁)လအထိ အဆက်အသွယ် ပြတ်တောက်လေ့ ရှိပါတယ်။ အနီးဆုံး နမ္မတူမြို့ ဆေးရုံနဲ့ (၂၈)မိုင်ကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ မိုးရာသီတွင် မကြာခဏ အဆက်အသွယ် ပြတ်တောက်ခြင်းတို့ကြောင့် သာမန်ရောဂါသည်များဖြစ်တဲ့ အူအတက် ပေါက်ခြင်း၊ မီးဖွားခြင်း၊ ဖျားနာခြင်းတို့ကြောင့် မကြာခဏ အသက်ဆုံးရှုံးရပါတယ်။

နမ့်ဟိုင်းဒေသတွင် ကျေးရွာအုပ်စုပေါင်း(၁၂)အုပ်စုရှိပြီး၊ ကျေးရွာပေါင်း(၄၄)ရွာ၊ လူဦးရေ (၈၀၀၀)ကျော်၊ ရှမ်း၊ ကချင်၊ တအောင်း(ပလောင်)တိုင်းရင်းသားများ အများဆုံး စုစည်းနေထိုင်ကြပါတယ်။ မဖွံ့ဖြိုးသေးသော ဒေသဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး အမှန်တကယ်ခက်ခဲခြင်း၊ အနီးဆုံး နမ္မတူမြို့ ဆေးရုံနဲ့ (၂၈)မိုင်ကွာဝေးခြင်း၊ သာမန်ရောဂါများဖြင့် မကြာခဏ အသက်ဆုံးရှုံးနေရခြင်းတို့ကြောင့် သတ်မှတ်ချက်ထက် လူဦးရေနည်းသော်လည်းပဲ တိုင်းရင်းသားပြည်သူများ၏ ပကတိဆင်းရဲဒုက္ခတွေ့ကြုံ ခံစားရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝမခံစားရနိုင်ခြင်းတို့ကို ငဲ့ကွက်ပြီး သတ်မှတ်ချက်များ လျော့နည်းကာ၊ လျှော့ပေါ့ကာ တိုက်နယ်ဆေးရုံကို အမှန်တကယ် စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်းနဲ့ ဒေသခံပြည်သူများလည်း တိုက်နယ်ဆေးရုံ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် မျှော်လင့်တောင်းတလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ လုံလောက်သော မြေနေရာလည်း ရရှိထားပြီး ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဟိုင်းဒေသတွင် တိုက်နယ်ဆေးရုံ (၁)ရုံ စီစဉ်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်စီစဉ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ မွေးကင်းစ ကလေးသူငယ်များကို မွေးကင်းစကလေး မှတ်ပုံတင်ခြင်း (Birth Registration) နှင့် မွေးလက်မှတ် (Birth Certificate) ထုတ်ပေးခြင်းများကို မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာစိုးဝင်း က မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ မွေးကင်းစကလေးသူငယ်များကို မွေးကင်းစကလေး မှတ်ပုံတင်ခြင်း (Birth Registration) နှင့် မွေးလက်မှတ် (Birth Certificate) ထုတ်ပေးခြင်းများကို မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များနှင့်၊ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မွေးကင်းစကလေးများနှင့် သက်ဆိုင်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းဖြစ်ရတဲ့ အကြောင်းရင်းကတော့ တချို့မိခင်များ အနေနဲ့ မိမိရဲ့ ရင်သွေးငယ်များကို မွေးပြီးပြီးချင်း ဒါမှမဟုတ် မွေးဖွားပြီး ရက် အနည်းငယ်အတွင်းမှာ မွေးစာရင်းပြုလုပ်ရမှာကို ကောင်းစွာမသိရှိကြတဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာစေရန်နှင့် မွေးလက်မှတ်မရှိသေးတဲ့ ကလေးငယ်များအတွက် ရည်ရွယ်ပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညာသောအားဖြင့် ကျွန်တော်ရဲ့ မေးခွန်းကို ဖတ်ကြား မေးမြန်းခွင့်ပြုပါရန်နဲ့ အင်္ဂလိပ်စာအသုံးအနှုန်း ပါရှိသည်ကို ခွင့်ပြုပေးနိုင်ပါရန် ကြိုတင်ပန်ကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နေရာဒေသအနှံ့ ဖြစ်တဲ့ မြို့နယ်များ၊ ကျေးလက်တောရွာများ၊ နယ်စပ်ဒေသများနှင့် ဝေးလံခေါင်သီသော ဒေသများပါ မကျန် နေရာဒေသအသီးသီးတွင် မွေးဖွားလျက်ရှိကြတဲ့ မွေးကင်းစကလေးသူငယ်များကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မွေးကင်းစကလေး မှတ်ပုံတင်ခြင်း တစ်နည်း မွေးစာရင်းပြုလုပ်ခြင်းကို လွယ်ကူစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုကဲ့သို့ မွေးစာရင်းထားရှိ ရေးသွင်းခြင်းကို မွေးကင်းစအရွယ်မှပင် ကလေးငယ်ရဲ့ အခွင့်အရေးတစ်ရပ်ကို ရရှိနိုင်မယ့်အပြင် ထိုမွေးစာရင်းရေးသွင်းခြင်းဖြင့် အမြဲတမ်းတရားဝင် မှတ်တမ်းတစ်ခုလည်း ရရှိမှာဖြစ်ပါတယ်။

မွေးစာရင်းရေးသွင်းတဲ့နေရာမှာ အရှင်မွေးပုံစံ၊ အသေမွေးပုံစံ စသည်ဖြင့် မွေးစာရင်း မှတ်တမ်းရေးသွင်းကြရပြီး သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးရုံးသို့ ပေးပို့ရမှာဖြစ်ပါတယ်။ ထိုကဲ့သို့ မွေးကင်းစကလေးငယ်များအား မွေးစာရင်း ရေးသွင်းခြင်းကို မြို့ပေါ်ရပ်ကွက်များနဲ့ ကျန်းမာရေးဝန်ထမ်းများ ရောက်ရှိနိုင်တဲ့ လက်လှမ်းမီတဲ့ ကျေးလက်တောရွာများအတွက်ကတော့ လွယ်ကူစွာဆောင်ရွက်နိုင်မှာဖြစ်သော်လည်း တချို့ဝေးလံသော နယ်စပ်ဒေသများ၊ မဖွံ့ဖြိုးသေးသောဒေသများ၊ သွား/လာရ ခက်ခဲပြီး လမ်းပန်းဆက်သွယ်ရေး မလွယ်ကူတဲ့ နေရာဒေသများ၊ တစ်ဘက် အိမ်နီးချင်းနိုင်ငံများမှ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ ရွှေ့ပြောင်းလုပ်သားမိခင်များရဲ့ မွေးဖွားပြီးကာစ ရင်သွေးငယ်များအတွက်အား မွေးစာရင်း ရေးသွင်းရန် အတွက်ကတော့ ခက်ခက်ခဲခဲ အတားအဆီးတစ်ရပ်ရှိနေဦးမှာ ဖြစ်ပါတယ်။

မွေးကင်းစကလေးငယ်များရဲ့ မွေးစာရင်းရေးသွင်းထားခြင်းကြောင့် ကလေးငယ်များရဲ့ မွေးဖွားမှုနှုန်း၊ တစ်နှစ်အောက်ကလေးငယ်များသေဆုံးမှုနှုန်းတို့ကို တိကျစွာရရှိနိုင်မှာဖြစ်တဲ့အတွက် ဒီ Infant Mortality Rate ကို တွက်ချက်တဲ့နေရာမှာ အထောက်အကူရရှိနိုင်မှာဖြစ်ပါတယ်။မွေးကင်းစ ကလေးများရဲ့ မွေးစာရင်း တစ်နည်း မွေးမှတ်ပုံတင်ထားရှိပြီးတဲ့နောက်မှာ သက်ဆိုင်ရာ ကျန်းမာရေး ဌာနကတစ်ဆင့် ကျန်းမာရေးဝန်ထမ်းများက မွေးလက်မှတ်ကို ကာယကံရှင် မိဘများထံ ထုတ်ပေး

မှာဖြစ်ပါတယ်။ ထိုမွေးလက်မှတ်ထားရှိခြင်းဖြင့် ကလေးငယ်များသည် မည်သူမည်ဝါဖြစ်ပါကြောင်း တရားဝင် ခိုင်လုံတဲ့အထောက်အထား Legal Identity တစ်ခုရရှိမှာဖြစ်ပြီး ထိုမွေးလက်မှတ်တွင် ကလေးအမည်၊ မိဘအမည်၊ မွေးဖွားသည့်နေ့ရက်၊ ကျား/မ မွေးဖွားသည့် ဒေသ၊ လိပ်စာ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ စသည်တို့ ပါဝင်မှာဖြစ်ပါတယ်။

ဒါ့အပြင် မွေးစာရင်းထားရှိခြင်းကြောင့် ကလေးငယ် အသက်(၁၀)နှစ်ပြည့်တဲ့ အချိန်နဲ့ (၁၈)နှစ် ပြည့်တဲ့အချိန်မှာ နိုင်ငံသားစိစစ်ရေးလက်မှတ်ပြုလုပ်တဲ့နေရာမှာ သော်လည်းကောင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ခံယူတဲ့နေရာမှာသော်လည်းကောင်း၊ ကျောင်းစတင်အပ်နှံတဲ့နေရာမှာသော်လည်းကောင်း၊ အရွယ်မရောက်မီ ထိမ်းမြားခြင်း၊ အမွေဆက်ခံ ပိုင်ခွင့် အတွက်သော်လည်းကောင်း၊ ငယ်ရွယ်စဉ် လုပ်ငန်းခွင်ဝင်ရောက်ရာမှာသော်လည်းကောင်း၊ ကလေးငယ်များ တရားရုံးကိစ္စနဲ့ ပတ်သက်လာခဲ့လျှင်သော်လည်းကောင်း၊ ခိုင်လုံတဲ့အထောက်အထား တစ်ရပ် ရရှိနိုင်တဲ့ အကျိုးတရားများ ရရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မွေးကင်းစကလေးသူငယ်များကို မွေးကင်းစ ကလေးလက်မှတ်၊ မှတ်ပုံတင်ခြင်း၊ (Birth Registration) နှင့် မွေးကင်းစကလေးများ၏ မွေးလက်မှတ် (Birth Certificate)ထုတ်ပေးခြင်းကို မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိသည်၊ တစ်ဘက် အိမ်နီးချင်း နိုင်ငံများတွင် သွားရောက်အလုပ်လုပ်နေကြတဲ့ မိခင်များရဲ့ မွေးကင်းစကလေးများရဲ့ မွေးစာရင်း ပြုလုပ်ခြင်းနှင့် မွေးလက်မှတ်ထုတ်ပေးခြင်းကို မည်ကဲ့သို့ဆောင်ရွက်ပေးနေသည်၊ အကြောင်း အမျိုးမျိုးကြောင့် မွေးကင်းစအရွယ်တွင် မွေးစာရင်းနဲ့ မွေးလက်မှတ်မပြုလုပ်ရသေးတဲ့ အသက်(၁၀) နှစ်အောက် ကလေးငယ်များကို မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်နဲ့ အသက်(၁၀)နှစ်နဲ့ အထက် အရွယ်ရှိမွေးလက်မှတ်မရရှိတဲ့ ကလေးငယ်များရဲ့ မွေးလက်မှတ်များ ပြုလုပ်ခြင်းကို မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်များကို သိရှိလိုပါ၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးနိုင် ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြမေးမြန်း အပ်ပါတယ် ခင်ဗျာ။ ကျေးဇူးတင်ရှိပါတယ် ခင်ဗျာ။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်း(၃)ခုကို ဆက်တိုက် ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပထမဦးဆုံး မေးခွန်းဖြစ်တဲ့ ကယားပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ၏ မေးခွန်းအား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

အရေးပေါ်လူနာများ မဖြစ်မနေ လွှဲပြောင်းခြင်းနဲ့ပတ်သက်၍ ဝေးလံခေါင်းပါးသော မြို့နယ်ဆေးရုံမှ ခရိုင်၊ မြို့နယ်၊ ပြည်နယ်၊ မြို့နယ်ဆေးရုံများသို့ အရေးပေါ်လူနာ လွှဲပြောင်းပေးပို့ ခြင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရသော ကျန်းမာရေးဝန်ထမ်းများ၏ အသွား၊ အပြန် ခရီးစရိတ်အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း မေးမြန်းခြင်းနဲ့ ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဝေးလံခေါင်းပါး သော မြို့နယ်ဆေးရုံမှ ခရိုင်ဆေးရုံ၊ ပြည်နယ်ဆေးရုံများသို့ အရေးပေါ်လူနာ လွှဲအပ်ပေးပို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရသော ကျန်းမာရေးဝန်ထမ်းများ၏ အသွား၊ အပြန် ခရီးအတွက် ခရီးစရိတ်နည်းဥပဒေအရ ပြည်သူ့အကျိုးသက်ရောက်သော ခရီးစရိတ် ဖြစ်ပါ၍ အသွား၊ အပြန် ခရီးစရိတ်အတွက် ဖြည့်ဆည်းပေးနိုင်ပါကြောင်းနှင့် လူနာတင်ယာဉ်ဖြင့် လွှဲပြောင်းပို့ဆောင် ခြင်း ဖြစ်ပါက နေ့တွက်စရိတ်ကိုသာ ခွင့်ပြုနိုင်မည် ဖြစ်ပါသဖြင့် ကာယကံရှင်ဝန်ထမ်းမှ လုပ်ထုံး လုပ်နည်းနှင့် တင်ပြတောင်းဆိုပိုင်ခွင့်ရှိကြောင်းနှင့် တောင်းဆိုလာပါက ဆက်လက် ဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဖြစ်ခြင်း၊ မဖွံ့ဖြိုးသောဒေသဖြစ်ခြင်း၊ လမ်းပန်း ဆက်သွယ်ရေး အမှန်တကယ် ခက်ခဲခြင်းနှင့် အနီးဆုံးဖြစ်သည့် နမ္မတူဆေးရုံနှင့် (၂၂)မိုင် ကွာဝေးခြင်း သာမန်ရောဂါ များဖြင့် မကြာခဏ အသက်ဆုံးရှုံးရခြင်းတို့ကြောင့် သတ်မှတ်ချက်ထက် လူဦးရေ နည်းသော်လည်း တိုင်းရင်းသားပြည်သူများ၏ ပကတိ ဒုက္ခဆင်းရဲတွေ့ကြုံရမှုကို ငဲ့ညှာပြီး သတ်မှတ်ချက်များကို လျှော့ပေါ့ ကာ နမ့်ဟိုင်းဒေသတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်ရေးတွင် စတင်စီစဉ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့်ပတ်သက်၍ မန်တုံမြို့နယ် တွင် (၂၅)ခုတင်ဆံ့ မန်တုံမြို့နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၂)ခု၊ နမ့်ဟိုင်းကျေးလက် ကျန်းမာရေးဌာန၊ နမ်နား(ခိုမုန်း) ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

မန်တုံမြို့နယ်၊ မန်ဟိုင်းဒေသသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အနီးဆုံးဖြစ်သည့် နမ္မတူဆေးရုံနှင့် (၂၂)မိုင်၊ မန်တုံဆေးရုံနှင့် (၃၇)မိုင်ကွာဝေးပြီး အိမ်ခြေ(၁၈၄၇)အိမ်၊ လူဦးရေ (၈၉၅၃)ဦး ရှိသဖြင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှာက်မှု အနီးကပ်ပြည့်ဝစွာ ရရှိခံစားနိုင်ရေး အတွက် မန်ဟိုင်းဒေသတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုချက် ရရှိနိုင်ရန်အတွက် စီမံကိန်းတွင် လျာထားစီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း ၏ ကြယ်ပွင့်ပြ မေးခွန်းအား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် မွေးဖွားပြီးစကလေးတိုင်း တောရွာ၊ မြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် မွေးဖွားသည့်ကလေးတိုင်းကို မွေးမှတ်ပုံတင် ထုတ်ပေးနိုင်ရန်နှင့် မွေးစာရင်း လက်မှတ်ရရှိစေရန် ဗဟိုတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်သူ့ဆေးရုံများတွင် မွေးဖွားသည့် ကလေးများအတွက် မွေးစာရင်းလက်မှတ် (Birth Certificate) ကို ဆေးရုံဆင်းသည့်အချိန်တွင်

ထုတ်ပေးရန်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ သားဖွား ခန်းများ၊ ကျေးရွာ၊ ရပ်ကွက်အတွင်း နေအိမ်များတွင် မွေးဖွားသည့် ကလေးများအတွက် မွေးစာရင်း လက်မှတ်ကို တစ်လအတွင်းထုတ်ပေးရန်နှင့် ထိုသို့ ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများမှ အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြရန် ညွှန်ကြားချက်များ ထုတ်ထားပြီး အတိအကျ လိုက်နာဆောင်ရွက်ရန်လည်း အကြောင်းကြားပြီး ဖြစ်ပါတယ်။

ယခုလက်ရှိကျင့်သုံးနေတဲ့ ဖွားသေ မှတ်ပုံတင်စနစ်သည် မွေးဖွားသေဆုံးသည့်နေရာ (Place of Occurrence) ပေါ် မူတည်၍ မှတ်ပုံတင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဘက် အိမ်နီးနားချင်း နိုင်ငံများတွင် မွေးဖွားခဲ့သော မွေးကင်းစကလေးငယ်များ၏ မွေးမှတ်ပုံတင်ခြင်းနှင့် မွေးလက်မှတ် ထုတ်ပေးခြင်းတို့နှင့်ပတ်သက်၍ သီးခြားထုတ်ပြန်ထားသော ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ မရှိသေးသော်လည်း ၎င်းကိစ္စအား သီးခြားဆောင်ရွက်နိုင်ရန်အတွက် နှီးနွှယ် ဦးစီးဌာနများ၊ နှီးနွှယ် ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် စီစဥ်ဆောင်ရွက်လျက် ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနသည် မွေးဖွားမှု/သေဆုံးမှု မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာ၌ (၂၀၀၂)ခုနှစ်၊ စက်တင်ဘာ (၂၅)ရက်နေ့ နေ့စွဲဖြင့် ဗဟိုစာရင်းအင်းအဖွဲ့ ဖွားသေစာရင်းအင်းဌာနစိတ်မှ ထုတ်ဝေထားသော ဖွားသေ မှတ်ပုံတင်အရာရှိများအတွက် လက်စွဲစာအုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ ပြဋ္ဌာန်းချက်များအရ မွေးဖွားမှုမှတ်ပုံတင်ရန်အတွက် ဥပဒေ ပြန်ဌာန်းထားသည့် အချိန်ကာလကို ရက်(၃၀)အတွင်း သတ်မှတ်ထားပြီး မှတ်ပုံတင် နှောင့်နှေးခြင်းများအတွက် မွေးဖွား သည့်မှ (၁၂)လအထိ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ (၁၂)လကုန်ဆုံးသည်အထိ မှတ်ပုံမတင်ရသော မွေးဖွားမှုများအတွက် အသက်(၅)နှစ် မကျော်သေးသည့်ကာလအတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး များမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများထံ တင်ပြ၍ ခွင့်ပြုချက် တောင်းခံပြီး မွေးလက်မှတ်များ ထုတ်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးဦးစီးဌာနသည် လက်ရှိတွင် အသက်(၅)နှစ်မှ (၅)နှစ်အောက် ကလေးများ မွေးဖွားမှုမှတ်ပုံတင်ခြင်းနှင့် မွေးလက်မှတ်ထုတ်ပေးခြင်းများကိုသာ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံ၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနများသည် မွေးစာရင်း မှတ်ပုံတင်ခြင်း၊ မွေးလက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းသာမက မွေးဖွားပြီး အသက် (၁)နှစ်အတွင်း ကလေးများ၏ အချက်အလက်များကို မွေးမှုကြမ်းပုံစံများတွင် ဖြည့်စွက်ကာ တစ်နိုင်ငံလုံး ၏ မွေးဖွားမှုစာရင်းကို ထုတ်ပြန်နိုင်ရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့သို့ ဆက်လက်ပေးပို့ရပါတယ်။ မွေးမှုကြမ်းရရှိမှုအပေါ် မူတည်တွက်ချက်ကာ ဗဟိုစာရင်းအင်းအဖွဲ့မှ နိုင်ငံ၏ မွေးဖွားမှုနှုန်းများကို ထုတ်ပြန်လျက်ရှိပါတယ်။

Multiple Indicator Cluster Survey (MICS) (၂၀၀၀)ခုနှစ်နှင့် (၂၀၁၀)ခုနှစ် စစ်တမ်းများ စာရင်းအရ (၅)နှစ် အောက်ကလေးများ မွေးလက်မှတ်ရရှိမှုမှာ (၂၀၀၀)ခုနှစ်တွင် (၆၀.၆) ရာခိုင်နှုန်းရှိပြီး (၂၀၁၀)ခုနှစ်တွင် (၇၂.၄)ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသဖြင့် မွေးလက်မှတ်ရရှိရန် ကျန်သူများ ရှိနေ သေးကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ သို့အတွက် မွေးလက်မှတ်ကျန်ရှိသူများနှင့် ကိုယ်စားလှယ် တော်ကြီး မေးမြန်းခဲ့တဲ့ အသက်(၅)နှစ်မှ(၁၀)နှစ်၊ (၁၀)နှစ်အထက်များအတွက်တော့ သီးခြားတောင်းခံ ဆောင်ရွက်လာမယ်ဆိုလို့ရင် ဆက်နွှယ်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ တင်ပြလာတဲ့ အထောက်အထား

များကို စိစစ်ဆောင်ရွက်ပြီးမှသာ ဆက်လက်ဆောင်ရွက်သွားပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာစိုးဝင်း ရဲ့ မေးမြန်းချက်နဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းနဲ့ သတင်းစာများမှာ ထုတ်ပြန်နိုင်ရန် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၁၂၂ အရ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ၁၁-၉-၂၀၁၄ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၃-၂-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသောပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၅-၃-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် ဒီမိုကရေစီပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ်ကို ထုတ်လွှင့်ပြသခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ရပ်နားပြီးတဲ့ အခါမှာ (၁၅)မိနစ်နားပြီးနောက် အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ ဒီမိုကရေစီပညာရေး စစ်ကြောင်းများကို အားပေး ထောက်ခံကူညီခဲ့သည့် ပြည်သူကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမမှာ ကြားနာ ခဲ့တဲ့ အစီအစဉ်ကို ထုတ်လွှင့်ပြသပေးမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၂) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက် နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]